သို့

**ဦးသိန်းစိန်**

**နိုင်ငံတော်သမ္မတကြီး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်

ရက်စွဲ ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်။

အကြောင်းအရာ ။ ။ **တိုင်းရင်းသား ရိုဟင်ဂျာလူမျိုးများအား လူမျိုးဘာသာခွဲခြား ဆက်ဆံ အုပ်ချုပ် စီမံခန့်ခွဲနေခြင်းကိစ္စကို ဖယ်ရှားပေးနိုင်ပါရန် အသနားခံ တင်ပြခြင်း။**

ရည်ညွှန်းချက် ။ ။ (၁) ၁၆ . ၅ . ၂၀၁၁ နှင့် ၅ . ၇ . ၂၀၁၁ ရက်စွဲဖြင့် ဒေါက်တာ စိုင်းမောက်ခမ်း ထံ တင်ပြသည့် အသနားခံစာများ။

(၂) ၁၅ . ၈ . ၂၀၁၁ ရက်စွဲဖြင့် နိုင်ငံတော် သမ္မတထံတင်ပြသည့် အသနားခံစာ။

(၃) ရိုဟင်ဂျာ တိုင်းရင်းသားများ၏ စစ်မှန်သော အထောက်အထား အနည်းငယ် ပူးတွဲလျက်။

ယခင်မေယုခရိုင် ၊ ယခုမောင်တောခရိုင် တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရိုဟင်ဂျာ ဘိုးဘေး ဘီဘင်တို့ ရခိုင်ပြည်နယ်မြောက်ပိုင်း နတ်မြစ်အရှေ့ခြမ်း ၊ ကုလားတန်မြစ်အနောက်ခြမ်း ၊ အရှေ့ခြမ်း မေယုတောင်ခြေရင်း၊ မေယုဒေသတစ်ခုလုံးတွင် အများဆုံးနေထိုင်ကြပြီး စစ်တွေ၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ကျောက်တော်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ သံတွဲ၊ မင်းပြား၊ မာန်အောင်၊ ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်မြို့နယ်များတွင် လည်း ရှေးနှစ်ပေါင်း တစ်ထောင်ကျော်ကတည်းက ပင်ရင်းဒေသအဖြစ် နေထိုင်လာခဲ့ကြသဖြင့် ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ မြန်မာ့ ရာဇဝင်နှင့် ရခိုင်ရာဇဝင်တွင် ထင်ရှားစွာ ဖော်ပြပါရှိနေပါသည်။

ရခိုင်ဘုရင်အဆက်ဆက်လက်ထက်တွင်လည်း ပင်ရင်းဒေသအဖြစ် နေထိုင်လာခဲ့၍ ရခိုင်ဘုရင်များက လည်း အသိအမှတ်ပြုခဲ့ကြပါသည်။ နယ်ချဲ့ဖက်ဆစ်များကို မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက် တွန်းလှန် တိုက်ခိုက်စဉ်က ရိုဟင်ဂျာလူမျိုးတို့၏ သူရသတ္တိစည်းလုံးမှုကြောင့် ဖက်ဆစ်ဂျပန်တို့ရခိုင်ပြည်နယ်မြောက်ပိုင်းကို သိမ်းနိုင်ခြင်းမရှိဘဲ နောက်ဆုတ်ခဲ့ကြရပါသည်။ မြန်မာရာဇဝင်တွင် မှတ်တမ်းတင်ကျန်ရစ်ခဲ့ပါသည်။ သို့ရာတွင် ရိုဟင်ဂျာ တို့၏ စွန့်စားမှုများသည် လျစ်လျူရှုခြင်းခံခဲ့ကြရပါသည်။ **၁၉၄၈ ခုနှစ် ဇန္နဝါရီလ ( ၄ ) ရက်နေ့ အချုပ်အချာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် ကြေညာခဲ့ပါသည်။ တစ်နိုင်ငံလုံး တောင်ပေါ်**

**့မြပြန့်မကျန် လွတ်လပ်ရေးရရှိကြောင်း ကမ္ဘာကို ကြေညာခဲ့ပါသည်။** မေယုဒေသအပါအဝင် ရခိုင်ပြည်တစ်ခုလုံးလည်း ပါဝင်ခဲ့ပါသည်။ လွတ်လပ်ရေးရရှိပါလျက် လွတ်လပ်ရေး၏အကျိုးကျေးဇူးကို နှစ်အနည်းငယ်သာခံစားခဲ့ရပြီး လည်းဖြစ်ပါသည်။ မေယုဒေသသည် နိုင်ငံတော်အစိုးရ၏ အာဏာစက်အောက်ရောက်ရှိပါလျက် တရား ဥပဒေအုပ်စိုးမှုမှ ကာကွယ်စောင့်ရှောက်မှုလည်း မရရှိခဲ့ကြရပါ။

လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရခေတ်နှင့် တော်လှန်ရေးကောင်စီခေတ်များတွင် ရိုဟင်ဂျာလူမျိုးတို့မှာ အကျိုးခံစားမှုများစွာရရှိခဲ့သော်လည်း လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက် ရိုဟင်ဂျာ တိုင်းရင်းသားများ၏ အခြေခံလူ့အခွင့်အရေး လေးစားလိုက်နာကာကွယ်စောင့်ရှောက်မှု စသည့် ဒီမိုကရေစီကျင့်စဉ်များနှင့် ဥပဒေကိုမျက်ကွယ်ပြု၍ ဥပဒေအထက်မှနေကာ လုပ်ချင်ရာလုပ်ခဲ့သည့်ကိစ္စများကို ဥပဒေကလက်လှမ်းမမီနိုင်အောင် ကာကွယ်တားဆီးမှုများပြုလုပ်ထားခဲ့ပါသည်။ ရိုဟင်ဂျာတိုင်းရင်းသားများအပေါ် အင်အားအလွန်အကျွံသုံးကာ တာဝန်မဲ့ပြုလုပ်ခဲ့ပါသည်။

လူ့သမိုင်းပြောင်းလဲမှုတွင် လူတို့၏အသိတရားများက ရှေ့ဆောင်သည်ဖြစ်၍ လူသားတို့၏ စိတ္တစွမ်းရည်နှင့် ကာယစွမ်းရည်အသိအမှတ်ပြုကြရမည့် လူ့တန်ဖိုးကို အလေးထားကြရပါသည်။ မဆလပါတီသည် အဖြစ်အပျက်အတော်များများကို ပုံကြီးချဲ့ထားခြင်းသာဖြစ်ပြီး ရိုဟင်ဂျာလူမျိုးတို့အပေါ် အနိုင်ကျင့်မှုများနှင့် အမှားအယွင်းများစွာပြုလုပ်ခဲ့ပါသည်။ မဆလပါတီအကြီးအကဲဘေးတွင် ထိုင်ကာလူအချို့မှာ တို့မီးရှို့မီးလုပ်၍ ရိုဟင်ဂျာ တိုင်းရင်းသားများအပေါ် လွန်စွာကြောက်မက်ဖွယ်ရာ စစ်ဆင်ရေးများပြုလုပ်စေခဲ့ပါသည်။ ရှောင် တိမ်းမရနိုင်သည့် ပျက်စီးမိုးမှောင်ကျမှုများကို ရိုဟင်ဂျာတိုင်းရင်းသားများ လူ့အဖွဲ့အစည်းအတွင်းမှ ပြည်သူများ တိတ်တဆိတ်ခံစားနေခဲ့ကြရပါသည်။ ရိုဟင်ဂျာတိုင်းရင်းသားများအား မျှတမှုများကို အကောင်အထည်ဖော် လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါသဖြင့် လူတန်းစားကွာဟမှုများစွာ ပေါ်ပေါက်ခဲ့ရပါသည်။

နိုင်ငံသားအခွင့်အရေးများကို တိုင်းရင်းသားအားလုံးခံစားခွင့်ရှိပါသည်။ မြန်မာအမျိုးသားလွတ်မြောက်ရေးဆောင်ရွက်ခဲ့ခြင်းကြောင့် အသိအမှတ်ပြုရမည်ဖြစ်သော်လည်း မတရားအုပ်စိုးခြင်းခံခဲ့ကြရပါသည်။ ထိတ်လန့်ဘွယ်ရာမတရားပြုမှု၏ ဆိုးယုတ်သည့် သံသရာစက်ဝန်းထဲသို့ ဆွဲသွင်းခံခဲ့ကြရပါသည်။ ရိုဟင်ဂျာတိုင်း ရင်းသားများသည် မဆလပါတီ၏ အုပ်ချုပ်ရေးစနစ်ကြောင့် သိက္ခာရှိသော လူနေမှုဘဝကိုပင် မေ့လျော့နေ ကြပါသည်။ ၁၉၆၅ ခုနှစ်တွင် ရိုဟင်ဂျာတိုင်းရင်းသားများ၏ **တိုင်းရင်းသားအခွင့်အရေးများကို ရုတ်တရက် ဖျက်သိမ်းခံခဲ့ကြရပါသည်။** လူ့ဘဝဒုက္ခကို အောက်ဆုံးအလွှာ၌ လူတစ်ဦးအဖြစ်ရပ်တည်နိုင်ရန် သိရှိသည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ခဲ့ကြရပါသည်။

ပါလီမန် ဒီမိုကရေစီအစိုးရမှ ရိုဟင်ဂျာတိုင်းရင်းသားများအား အသိအမှတ်ပြုပြီး မေယုဒေသအား မေယုခရိုင်ဟု သတ်မှတ်ခဲ့ပါသည်။

၁။ ကာကွယ်ရေးဝန်ကြီးဌာနပညာရေးနှင့် စိတ်ဓါတ်ရေးရာ ညွှန်ကြားရေးမှူးရုံးမှ ၁၉၆၁ ခုနှစ်ထုတ်သော တပ်မတော်ခေတ်ရေးစာစောင် ၈ . ၈ . ၆၁ နေ့ထုတ် အတွဲ ၁၂ ၊ အမှတ် ၉ စာစောင်တွင် "ပျောက်ဆုံးနေသော ညီကိုတစ်ကိုရှာတွေ့သည့်ပမာနှယ်"ခေါင်းစဉ်ဖြင့် ဘူးသီးတောင်မောင်းတောတွင် ရိုဟင်ဂျာလူမျိုး ၉၇% ရှိကြောင်း ဖော်ပြပါရှိပါသည်။

၂။ ၁၈ . ၇ . ၆၁ နေ့ထုတ်အတွဲ ၁၂၊ အမှတ် ၆ စာစောင်တွင် "မေယုနယ်မှာလေဘယ်လိုအခြေရှိပါလိမ့်" ခေါင်းစဉ်ဖြင့် ထိုဒေသ၏ လူများစု၏အမည်ကို ရိုဟင်ဂျာဟုဖော်ပြထားပါသည်။

၃။ ၂၅ . ၉ . ၅၄ ရက်နေ့ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် ဘူးသီးတောင်မောင်းတောနယ်ရှိ ရိုဟင်ဂျာ လူမျိုးများမှာ အီစ္စလမ်ဘာသာကိုးကွယ်သူများဖြစ်ကြောင်း မိန့်ကြားဖူးပါသည်။

၄။ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဦးဘဆွေက ၃ . ၁၁ . ၅၉ နှင့် ၄ . ၁၁ . ၅၉ ရက်နေ့ ဘူးသီးတောင်မောင်းတောလူထုစည်းဝေးပွဲတွင် ရိုဟင်ဂျာလူမျိုးများသည် အခြားတိုင်းရင်းသားများနှင့် တန်းတူ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းများစွာအတူနေထိုင်ခဲ့ကြောင်း ရာဇဝင်အထောက်အထားများ တင်ပြဟောပြောခဲ့ဖူးပါသည်။

၅။ ၂၀ . ၁၀ . ၆၀ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နယ်ခြားဒေသအုပ်ချုပ်ရေးရုံးမှ နယ်ခြားဒေသ အုပ်ချုပ်ရေးအရာရှိ ရခိုင်တိုင်းမင်းကြီးနှင့် အဖွဲ့ဝင်မှာ မေယုနယ်ခြားခရိုင်သို့ ရောက်ရှိကြရာ ရိုဟင်ဂျာ များက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြကြောင်း၊ ဂျပန်တို့ ရိုဟင်ဂျာလူမျိုးများ၏ ခုခံမှုကြောင့် မြောက် ဘက်သို့ဆက်လက်ချီတက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ သူရသတ္တိရှိသူများဖြစ်ကြောင်း ငြိမ်းချမ်းရေးကို မြတ်နိုးလိုလားပြီး သစ္စာရှိကြသော စိတ်ဝင်စားဖွယ်ပြည်ထောင်စု၏ လူမျိုးတစ်မျိုးဖြစ်ကြောင်း ဖော်ပြ ခဲ့သည့်အပြင် မြန်မာ့အသံရေဒီယို အစီအစဉ်မှလည်း ထိုအကြောင်းအရာအတိုင်း ထုတ်လွှင့်ခဲ့ဖူး ပါသည်။

၆။ ၁၅ . ၅ . ၆၁ နှစ်မှစ၍ ရိုဟင်ဂျာတိုင်းရင်းသားလူမျိုးစု၏ အစီအစဉ်တစ်ရပ်ကို တစ်ပတ်လျှင် သုံးကြိမ် နှုန်းဖြင့် ဒုတိယမြန်မာ့ပိုင်းအစီအစဉ်မှ ရိုဟင်ဂျာဘာသာစကားဖြင့် အသံလွှင့်ခွင့်ရရှိခဲ့ပါသည်။ ရိုဟင်ဂျာဘာသာအစီအစဉ်ဖြင့် အသံလွှင့်ခဲ့သည့်ကိစ္စကို ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနထုတ် နှစ်(၃၀) မြန်မာအသံစာအုပ်စာမျက်နှာ (၇၁) တရားဝင်ဖော်ပြထားပါသည်။

၇။ ၁၉၆၁ ခုနှစ်တွင် မွန်ဘာသာ၊ ပအိုဝ့်ဘာသာ၊ လားဟူဘာသာ "ရိုဟင်ဂျာဘာသာ" နှင့် ကယားဘာသာတို့ အသံလွှင့်ခဲ့ကြကြောင်း ဖော်ပြထားပါသည်။

၈။ ၁၉၆၄ ခုနှစ် စာပေဗိမာန်မှထုတ်ဝေ သည့် မြန်မာ့စွယ်စုံကျမ်းအတွဲ (၉) စာမျက်နှာ (၈၉) မေယုနယ်ခြားခရိုင်အကြောင်းဖော်ပြထားရာ မေယုနယ်ခြားခရိုင် ဘူးသီးတောင်မောင်တောတွင် လူဦးရေ ၄ သိန်း၊ ၅ သိန်း ခန့်ရှိရာ ၇၅%မှာ ရိုဟင်ဂျာများဖြစ်ကြပြီး ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်စသော

တိုင်းရင်းသားလူမျိုးစုများတို့ နေထိုင်လျက် ရှိကြောင်း ဖော်ပြထားပါသည်။

၉။ တပ်မတော်ဒုတိယကာကွယ်ရေး ဦးစီးချုပ်ကြည်းဗိုလ်မှူးချုပ် အောင်ကြီး၏မိန့်ခွန်းကို (၈-၇-၆၁)ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ နှင့် ၆ တို့တွင် ထည့်သွင်းဖော်ပြခဲ့ရာတွင် **"ရိုဟင်ဂျာလူမျိုးများ ကို ဆွေမျိုးအရင်းများလို သဘောထားပြီး ဆောင်ရွက်ကြရန်လည်းကောင်း၊ အုပ်ချုပ်ရေး အရာရှိဗိုလ်မှူး ကြီးစောမြင့်နှင့် ဗိုလ်မှူးကြီးရဲခေါင်တို့ကို ဒီဒေသရှိရိုဟင်ဂျာတွေရဲ့လိုအပ်တာ တွေလုပ်ကြဖို့ အမိန့် ပေးကြောင်း၊ ယခုအချိန်ကစပြီး လူနည်းစုကိုးကွယ်သောဘာသာဝင်တွေအဖြစ် စောင့်ရှောက်မယ်၊ ကာကွယ်မယ်ဆိုတာ ယုံကြည်စေလိုကြောင်း တရားဝင်ထည့်သွင်းဖော်ပြထား ပါသည်။**

၁၀။ ၁၅. ၅. ၆၁ ရက်နေ့မှစ၍ ၁. ၁၀. ၆၅ ခုနှစ်အထိ ရိုဟင်ဂျာတိုင်းရင်းသားဘာသာအသံလွှင့်စဉ်ကယနေ့အသက် (၆၀) ခန့် ရှိသူတို့ နားသောတဆင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

၁၁။ ရန်ကုန်တက္ကသိုလ် ရိုဟင်ဂျာကျောင်းသူ/ကျောင်းသားအသင်းအဖွဲ့လည်း ထူထောင်ခွင့်လျှောက်ထားခဲ့ရာ ၃-၁၂-၅၉ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၁၁၃/၅၉ ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပါသည်။

၁၂။ ၁၉၇၈ ခုနှစ် မြန်မာနိုင်ငံပထဝီဝင် အထက်တန်းကျောင်းသုံး စာအုပ်စာမျက်နှာ ၈၆ တွင် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့ နေထိုင်ရာပုံ မြေပုံကိုထည့်သွင်းပြီး ကျောင်းသားများကို သင်ကြားပေးခဲ့ရာ၌ ရခိုင်ပြည်မြောက်ပိုင်း ဘူးသီးတောင်မောင်တောဒေသရှိ လူမျိုးများကို ရိုဟင်ဂျာနှင့်သက်လူမျိုးများ နေထိုင်ရာဒေသအဖြစ် ဖော်ပြထားပါသည်။ **ပါလီမန်ဒီမိုကရေစီခေတ်တွင် လွှတ်တော်တွင် ရိုဟင်ဂျာတိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များက ရိုဟင်ဂျာနှင့်ပတ်သက်၍ မေးခွန်းများအဆိုတင်သွင်း ချိန်တွင် ဝလူမျိုး ကိုးကန့်လူမျိုးဟူ၍ တိုင်းရင်းသားစာရင်းတွင် မရှိသေးပါ။** ယနေ့မြန်မာနိုင်ငံဖက်တွင် ဝလူမျိုးကိုးကန့် လူမျိုးများသည် တိုင်းရင်းသားအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများပင်ပိုင်ဆိုင် ထားသည့်အတွက် ကျေနပ် ဝမ်းမြောက်ရပါသည်။ **မေယုဒေသမှ ရိုဟင်ဂျာများမှာမူ သံသယလူမျိုး အဖြစ် တည်ရှိနေပါသဖြင့်** ခေတ်အဆက်ဆက်နိုင်ငံတော်အစိုးရများမှ အသိအမှတ်ပြုမှုများပင် လက်ရှိ အချိန်၌ နောက်ကြောင်းပြန် အဏ္ဏာသက်ရောက်စေပြီး ပယ်ဖျက်ခံရသကဲ့သို့ ခံစားနေရပါသည်။

၂၀၁၀ ခုနှစ် ဒီမိုကရေစီ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးတွင် ကျင်းပပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များကို ရွေးချယ်ခဲ့ပြီးဖြစ်ပါသည်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသား လွှတ်တော်အစည်းအဝေးများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြုအရွေး ချယ်ခံခဲ့သော မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမက် (ခ) ဦးအောင်ဇော်ဝင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇာယာဒ်ရောမ် (ခ) ဦးငွေးဝင်း နှင့် ဘူးသီးတောင်မြို့နယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် (ခ)အဒူရော်ဇက်တို့က လွှတ်တော်တွင် မေးခွန်းများမေးမြန်းရာ ၌ဒေသခံမူစလင်နှင့် မြန်မာမူစလင်များဟု မေးမြန်းသော မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးခင်ရီ ကဖြေကြားရာတွင် ဘင်္ဂါလီလူမျိုး၊ အစ္စလာမ်ဘာသာကိုးကွယ်သူကို ရည်ညွှန်းသည်ဟု သဘောရ ကြောင်း ဖြေကြားထားပြီး ရှေးနှစ်ပေါင်း တစ်ထောင်ကျော် ကပင်နေထိုင် လာခဲ့မှုကို မျက်ကွယ်ပြု၍လည်းကောင်း၊ ခေတ်အဆက်ဆက် အစိုးရခေါင်းဆောင်များက တိုင်းရင်းသားလူမျိုးအဖြစ်အသိအမှတ်ပြုခဲ့ခြင်းကို မျက်ကွယ်ပြု၍လည်းကောင်း ဖြေဆိုနေသည် တွေ့မြင်ကြားသိနေရပါသည်။

လဝကပြည်ထောင်စုဝန်ကြီး၏ ဖြေဆိုချက်များကြောင့် ရိုဟင်တိုင်းရင်းသားများက မဆလခေတ်ကို ပြန်ရောက်သွားပြီလားဟု အံ့ဩတုန်လှုပ်မိပါသည်။ စိုးရိမ်သောကများစွာ ပေါ်ပေါက်ခဲ့ပါသည်။ ရိုဟင်ဂျာသည် ဘင်္ဂါလီမဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံသားများဖြစ်ကြောင်း ရဲရဲကြီးတာဝန်ယူပြောရဲပါသည်။ လွှတ်တော်တွင် ရိုဟင်ဂျာတိုင်းရင်းသား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းတို့သည် ရိုဟင်ဂျာလူမျိုး အစစ်များဖြစ်သော်လည်း မဆလတစ်ခေတ်လုံးအကြောက်တရားနှင့် အုပ်ချုပ်ခံရသဖြင့် ရိုဟင်ဂျာလူမျိုးဟု ထုတ်ဖော်မပြောရဲခြင်းဖြစ်သည်။ မဆလခေတ်တွင် ရိုဟင်ဂျာလို့ပြောရင် ရိုဟင်ဂျာသူပုန်ဘဲရှိတယ်။ ရိုဟင်ဂျာလူမျိုးမရှိဘူးလို့ ရိုင်းပြစွာပြောဆိုခံခဲ့ကြရပါသည်။ မဆလပါတီမှ နှစ်အများဆုံးမြန်မာနိုင်ငံကို အုပ်စိုးလာခဲ့ချိန်တွင် ထင်တိုင်းကြဲ လုပ်ချင်ရာလုပ်တစ်ပါတီအာဏာရှင် သဘောရှိမြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ကမ္ဘာပေါ်တွင်အဆင်းရဲဆုံးနိုင်ငံအဖြစ်သွတ်သွင်းခဲ့သည့်အပြင် ၁၉၈၈ ခုနှစ် အပြစ်ဆိုးကြီးနှင့်အဆုံးသတ် ခဲ့ပါသည်။ထို့အတူ မဆလပါတီမှ ရိုဟင်တိုင်းရင်းသားများကို သမိုင်းစာမျက်နှာ မှ ပယ်ရှားပစ်ရန် အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ သို့သော် **အမှန်တရားဖုံးကွယ်မရခဲ့ပါ။**

ယနေ့လဝက ပြည်ထောင်စုဝန်ကြီးသည် တပ်မတော်မှ ရဲချုပ်၊ ရဲတပ်ဖွဲ့မှ လဝကဝန်ကြီးဖြစ်လာပါသည်။ ဒီမိုကရေစီအစိုးရဖြစ်သော်လည်း မဆလခေတ်ဟောင်းက လဝကမှတ်တမ်းဟောင်းပြန်လည်ဖတ်ပြဖြေကြားခဲ့သည်ဟု ရိုးသားစွာယုံကြည်ပါသည်။ ဒီမိုကရေစီအစိုးရအသစ်စက်စက်ဖြစ်နေ၍ လွှတ်တော်တွင်ဖြေဆိုရန် မဆလ၏ဥပဒေဟောင်းမှိုင်းမြှင်မြှဲဖြေဆိုနေခြင်းသည် သဘာဝကျပါသည်။ ရိုဟင်ဂျာတိုင်းရင်းသားများသည် ဘင်္ဂါလီမဟုတ်ပါ။ ရိုဟင်ဂျာမှန်ရင် ဘင်္ဂါလီစကားလည်း မပြောတတ်၊ ဘင်္ဂါလီစာပေလည်း တတ်မြောက်သင်ယူခြင်းမရှိပါ။ ရိုဟင်ဂျာလုပ်ငန်းရှင်ကြီးငယ်များ စွာ မြန်မာတစ်နိုင်ငံ လုံးတွင်ရှိပါသည်။ ဘင်္ဂါလီစာဖြင့် ရေးသားထားသော ဆိုင်းဘုတ်လည်း မရှိပါ၊ ဘင်္ဂါလီစာရေးတတ် ဖတ်တတ် ခြင်း လုံးဝမရှိပါ။ မိခင်စာပေဖြစ်သော မြန်မာစာပေကိုသာ သင်ယူတတ် မြောက်ခဲ့ပါသည်။ ရိုဟင်ဂျာ စာပေ သီးသန့်ရှိပါသော်လည်း မဆလကြောင့်တိမ်မြုပ်ပျောက်ကွယ်နေ ရပါသည်။ အားပေးအားမြှောက်မှု ရှိလျှင် မကြာမီ အတွင်းပြန်ပေါ်လာမည်ဖြစ်ပါသည်။

လဝကဝန်ကြီးအပါအဝင် နိုင်ငံခေါင်းဆောင်ကြီးများအား တင်ပြလိုသည်မှာ မြန်မာနိုင်ငံတွင် တမိလ် လူမျိုးများလည်းရှိနေကြပါသည်။ တမိလ်လူမျိုးများသည် အစ္စလာမ်ဘာသာကိုးကွယ်သော တမိလ်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သောတမိလ်လူမျိုး၊ ခရစ်ယာန်ဘာသာကိုးကွယ်သော တမိလ်လူမျိုးနှင့် ဟိန္ဒူဘာသာ ကိုးကွယ်သော တမိလ်လူမျိုးတို့တွင် ဘာသာကြီးလေးရပ်ကိုကိုးကွယ်မှုပြုကြသော်လည်း အဆိုပါ တမိလ်လူမျိုး တို့၏ မိခင်စာပေသည် တမိလ်စာပေသာလျှင် မိခင်စာပေအဖြစ် အလေးအမြတ်ထား သင်ယူကြပါသည်။ တမိလ်လူမျိုးတို့တွင် ကိုးကွယ်မှုသာမတူညီသော်လည်း တမိလ်ဘာသာစကားကိုပင်ပြောဆို နေကြဆဲ ဖြစ်ပါ သည်။

တပ်မတော်အစိုးရခေတ်တွင် တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုခံရသော ကိုးကန့်တို့ဒေသများတွင် တရုတ်ဘာသာနှင့် တရုတ်စကားပြောဆိုနေသည့်အပြင် စီးပွားရေးလုပ်ငန်းဆိုင်းဘုတ်များကို တရုတ်ဘာသာ ဖြင့် ရေးသားထားသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ ကိုးကန့်လူမျိုးကို ထိခိုက်စေချင်လို့ပြောခြင်းမဟုတ်ပဲ ဥပမာတင်ပြခြင်းဖြစ်ပါသည်။ ရိုဟင်ဂျာလူမျိုးတို့ မြန်မာစာပေကို မိခင်စာပေအဖြစ်လည်းကောင်း အင်္ဂလိပ် စာပေကို နိုင်ငံရပ်ခြားဆက်သွယ်ရာတွင်လည်းကောင်း အသုံးပြုနေကြပါသည်။

ရိုဟင်ဂျာတိုင်းရင်းသားများစုဝေးနေထိုင်ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းမေယုဒေသသည် သီးခြားကမ္ဘာ လေးတစ်ခုလိုဖြစ်နေပါသည်။ တပ်မတော်အစိုးရလက်ထက်မှာလည်း မဆလအုပ်ချုပ်ရေးစနစ်ဟောင်း မှ စီမံချက်များကို စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင်လည်း မဆလတွင်ရိုဟင်ဂျာလူမျိုးများအတွက် ဘာမှမှတ်တမ်းထားရှိခြင်း မရှိသည့်အတွက် တပ်မတော်အစိုးရကလည်း ရွေးကောက်ပွဲပြုလုပ်ပြီး အာဏာပြန် အပ်မည့် အစိုးရဖြစ်နေသောကြောင့် မဆလအတိုင်းဘဲဆက်လက်အုပ်ချုပ်နေခဲ့ပါသည်။ ရိုဟင်ဂျာလူမျိုး တို့သည် မဆလခေတ်နှင့်နှစ်ခံသထက်ပိုခံရသလိုဖြစ်ခဲ့ရပါသည်။ မြန်မာလွတ်လပ်ရေးရရှိသည့်မှာ နှစ်ပေါင်း (၆၀) ကျော်ပြီဖြစ်သော်လည်း ရိုဟင်ဂျာလူမျိုးတို့မှာလွတ်လပ်ရေး၏အကျိုးကျေးဇူးခံစားရန် အကြောင်းကံ မပါလာ လို့ ယခုလို အမေ့ခံလူမျိုးတစ်မျိုးအဖြစ် တည်ရှိနေခဲ့ပါသည်ဟု ခံစားမိပါသည်။ မဆလပါတီအမွေခံ အချို့သည် အကျိုးရှိမည့်စနစ်ကိုမကျင့်သုံးရုံမက ပုပ်သိုးနေသောစနစ်ကို အာရုံရောက်နေကြပါသည်။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံကမှ အိမ်ထောင်ပြုရာတွင်ကန့်သတ်ထားခြင်းမရှိပါ။ **မေယုဒေသမှာ သားပျို သမီးပျိုများအိမ်ထောင်ချပေးရာတွင်လည်း ကန့်သတ်ချုပ်ချယ်မှုများပေါ်ပေါက်နေပါသည်။**

ဆဲဗန်းဒေးဂျာနယ်အတွဲ ၁၀၊ အမှတ် ၂၁၊ ဩဂုတ်လ ၁၁ ရက် ၂၀၁၁ နေ့ထုတ် စာမျက်နှာ ၃ တွင် မောင်တောဘူးသီးတောင်မှ တရားမဝင်ခရီးသွား ဘင်္ဂါလီလူမျိုး အယောက် ၁၅၀အား ဖမ်းဆီးစစ်ဆေးနေ ကြောင်း သံတွဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးကိုကိုမောင်ကပြောသည်။ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားခဲ့သူဖြစ်ပြီး အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားသော အစ္စလာမ်ဘာသာ ဝင်များအား ၂၀၁၁ ဇူလိုင်လ ၁၈ရက်မှစတင်ကာ လဝက၏ထောက်ခံချက်မလိုဘဲ မြန်မာနိုင်ငံအတွင်း ခရီးသွားလာခွင့်ပြုခဲ့သည်။ ၂၀၀၂ ခုနှစ်မှစတင်ကာ ဘင်္ဂါလီလူမျိုးများပြည်မသို့ ထိုးဖောက်ဝင်ရောက်မှုတား

ဆီးရေးအဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း၊ လဝက ထောက်ခံချက်ဖြင့်သာသွားလာခွင့်ပြုခဲ့သည်။ ယခုခွင့်ပြုချက်အရ အကျုံးဝင်သော ကမန်နှင့် ဗရမကြီးများဖြစ်သည်။ ဘင်္ဂါလီလူမျိုးတို့မှာ **တိုင်းရင်းသားမဟုတ်၍ ကန့်သတ်နယ်မြေမှ ကျော်လွန်သွားပါက ဖမ်းဆီး မည်ဖြစ်ပါကြောင်း** ၎င်းကပြောသည်ဟု ဖော်ပြပါ ရှိပါသည်။

၂၀၁၁ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ ၁၂ ကော်လံ ၁/၂ တွင် စစ်ကိုင်းတိုင်း၊ပုလဲမြို့နယ်၊ ကန်ဒေါင့်ရဲစခန်းမှ ဒုရဲအုပ်ဇော်ဦး၊ လဝကမြို့နယ်ဦးစီးမှူး ဦးတင်ငွေ၊ လ/ထဦးစီးမှူးဦးကျော်သူရတို့ပူးပေါင်းအဖွဲ့သည် ပုလဲဂန့်ဂေါကားလမ်းဘေးတွင် မသင်္ကာဖွယ် လူလေးဦး တွေ့ရှိစစ်ဆေးခဲ့ရာ ဘင်္ဂါလီလူမျိုးများဖြစ်၍ ခိုင်လုံသည့်သက်သေအထောက်အထားမှတ်တမ်း စာရွက်စာတမ်းမပါဘဲ မြန်မာနိုင်ငံမှထွက်ခွာ၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများသို့ ကူးသန်းသွားလာကာ ယနေ့တွင် မြန်မာနိုင်ငံတွင်းသို့ တရားမဝင်ပြန်လည်ဝင်ရောက်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လက်ဆောင်ကောက်ကျေးရွာနေ နမူဟာမောက်(ခ) ကျော်သိန်း (၂၃) နှစ် နှင့် သံတောင်ကျေးရွာနေ မိုဟာမက်အိုစမာ (ခ) ကျော်စိန် အသက် (၂၀) နှစ်၊ မောင်တောမြို့ ပန်တော်ပြင်ကျေးရွာနေ မိုဟာမက်ရောဇီးအသက် (၂၅) နှစ်၊ ခေါင်းတုံကျေးရွာနေ မိုဟာမက်ရောဖီးအသက် (၂၀) နှစ်တို့အား ပုလဲမြို့နယ်ရဲစခန်းမှ (ပ)၁၁၈/၂၀၁၁ မြန်မာနိုင်ငံလူဝင်ကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၃(၁)အရ အမှုဖွင့်အရေး ယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်ဟုဖော်ပြပါရှိပါသည်။

အထက်ဖော်ပြချက်များသည် မေယုကျေးလက်ဒေသအများအပြားမှ ဆင်းရဲမွဲတေမှုအလုပ်လက်မဲ့ဖြစ်မှုက ရိုဟင်ဂျာလူမျိုးတိုင်းရင်းသားများကို နေရင်းဒေသများကို စွန့်ခွာသွားအောင် တွန်းထုတ်လျက်ရှိနေပါသည်။ သံတွဲခရိုင် လဝကခရိုင်မှူးပြောသလို ကန့်သတ်နယ်မြေမှဆိုတော့အစားအစာရှာဖွေရန် လာရောက်သည်ဟု ယုံကြည်ရပါသည်။ **ရခိုင်ပြည်နယ်ကျောက်တော်၊ မောင်တောသည် မြန်မာနိုင်ငံတွင်းမှ** မြို့နယ်များဖြစ်ပါသည်။ကန့်သတ်နယ်မြေဟု ဖော်ပြချက်အရ အကျယ်ချုပ်ထားရှိသည်ဟု ယူဆရပါသည်။ဆဲဗင်းဒေးဂျာနယ်ဖော်ပြချက်မှာ လဝကခရိုင်မှူးက အီစ္စလာမ်ဘာသာဝင် ကမန်များကို သွားလာခွင့်ပြုသည်ဟု ဖော်ပြပါရှိနေသည့်အတွက် ရခိုင်ပြည်နယ်အတွင်းနေထိုင်လျက်ရှိသော ကမန်များ အပါအဝင် အစ္စလာမ် ဘာသာဝင်မှန်သမျှကို ကန့်သတ်ချုပ်ချယ်ထားခဲ့သည့် အဓိပ္ပါယ်သက်ရောက်နေပါသည်။ ဘာသာကိုအဓိက ထားပြီး ကန့်သတ်ချုပ်ချယ်တယ်ဆိုတာထင်ရှားပေါ်လွင်နေပါသည်။ ယခု ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးမကျင်းပမည့်အချိန်တွင် ကမန်လူမျိုးများကို ခရီးသွားလာခွင့်ပြုခဲ့ခြင်းသာ ဖြစ်ပါသည်။

တောင်ကိုရီးယားနှင့်မြောက်ကိုရီးယား အရှေ့ဂျာမဏီနှင့် အနောက်ဂျာမဏီလိုပုံစံမျိုးခွဲခြားထားသလို ခံစားနေရပါသည်။ နှစ်ပေါင်း (၆၀)ဆယ်ကျော်လွတ်လပ်ရေးဆုံးရှုံးသွားသော ပါလစတိုင်းလူမျိုးလိုခံစားနေရပါသည်။ လူဖြူလူမဲခွဲခြားအုပ်ချုပ်သည့် ပုံစံအုပ်ချုပ်ခံနေရသလို ဖြစ်ပေါ်နေပါသည်။

မဆလ ပါတီသည်ရိုဟင်ဂျာလူမျိုးများအား နှိမ်နင်းရန် လဝကအဖွဲ့အစည်းအားလက်နက်ကိရိယာသဘွယ်အသုံးချခဲ့ပါသည်။ လဝကသည် နိုင်ငံတော်အတွက်အရေးကြီးသော ဌာနကြီးတစ်ခုဖြစ်သော်လည်း ခေတ်အဆက်ဆက်မြန်မာတိုင်းရင်းသား လူမျိုးဘာသာမရွေးမှတ်ပုံတင်နှင့် သန်းခေါင်စာရင်းပြုလုပ်ပေးရန် ဝန်လေးနေခဲ့ပါသည်။ ၂၀၀၇ ခုနှစ် တပ်မတော်အစိုးရလက်ထက် အများပြည်သူဆန္ဒနှင့် အခြေခံဥပဒေ (၂၀၀၈) ကိုအတည်ပြုရန်လိုအပ်လာ၍ ၂၀၀၇ ခုနှစ်ယာယီသက်သေခံကဒ်ပြားသန်းချီထုတ်ပေးခဲ့ပြီး အခြေခံဥပဒေကိုအတည်ပြုခဲ့ပါသည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကြီးမဲထည့်ရန် မှတ်ပုံတင်များလိုအပ်လာသဖြင့် ယာယီသက်သေခံကပ်ပြား၊ မှတ်ပုံတင်ကဒ်ပြားနှင့်နိုင်ငံသားစိစစ်ရေးများကို ရပ်ကွက်အလိုက် မြို့နယ်အလိုက်၊ သက်ဆိုင်ရာမြို့နယ်ကျောင်းများတွင်ပါ ရုံးထိုင်ကာမှတ်ပုံတင်များပြုလုပ်ပေးခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင်လည်း မှတ်ပုံတင်ပြုလုပ်ပေးသောပွဲတော်အလား စည်ကားစွာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးပိတ်ရက်မယူဘဲ နေ့မအားညမအားနေ့တိုင်းပြုလုပ်ပေးလျက်ရှိသည်။ သို့သော်ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာတိုင်းရင်းသားများအတွက် မည်သည့်မှတ်ပုံတင်မှ ထွက်ရှိမလာဘဲ ယာယီသက်သေခံကဒ်အဖြူရောင်သာ ရပ်ကွက်နှင့်မြို့နယ်အတွင်းကိုင်ဆောင်အသုံးပြုနေရဆဲဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီးမှ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် ဧရာဝတီမြစ်ဆုံစီမံကိန်းရပ်လိုက်သည့်ကိစ္စရပ်များ မြန်မာ့သမိုင်းဝင်မှ မှတ်တမ်းများဖြစ်၍ ကြိုဆိုပါသည်။နောင်တွင်လည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံခေါင်း ဆောင်ကြီးများအကူအညီတောင်းလိုသည်မှာ ရခိုင်ပြည်နယ်တွင် ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ကျေးရွာ အလိုက်အကျယ်ချုပ်ပုံစံကန့်သတ်နယ်မြေအတွင်း ထားရှိသော ရိုဟင်ဂျာတိုင်းရင်းသားများအား နိုင်ငံတော်အတွက်ရော ဒေသအတွက်ပါ လူသားအရင်းအမြစ်များပေါ်ထွန်းလာစေရန် အမျှော်အမြင်ကြီးစွာဖြင့် နိုင်ငံ အကျိုးပြည်သူ့အကျိုးဖြစ်ထွန်းရန်အလို့ငှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တစ်ရပ် ချမှတ်ပေးသနားတော်မူပါရန် အချိန်တန်ပြီဖြစ်ပါ၍ ရိုဟင်ဂျာတိုင်းရင်းသားတစ်ရပ်လုံးအပေါ် လူသားချင်းစာနာညာတာထောက်ထားလျှက် မိမိ၏ပင်ရင်းနိုင်ငံအတွင်း အခြေခံဥပဒေပါရပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာခရီးသွားလာနိုင်ရန်အတွက် သင့်တော်သလိုဆောင်ရွက်ပေးနိုင်ပါရန် အသနားခံတင်ပြအပ်ပါသည်။

28/10/2011

ဦးမျိုးအောင်

၁၂/မဂဒ (နိုင်) ဝ၉၈၃၃၈

အမှတ် (၂၅)၊ ၄-လွှာ (ဒီ)၊ ၁၃၆- လမ်း၊ တာမွေ၊

ရန်ကုန်တိုင်းဒေသကြီး။

မိတ္တူကို-

၁။ ဥက္ကဋ္ဌ
အခြေခံဥပဒေရေးဆွဲရေးခုံရုံး၊ နေပြည်တော်။

၂။ ဥက္ကဋ္ဌ
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်။

၃။ ဦးဌေးဦး
ဥက္ကဋ္ဌ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ
ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်။

၄။ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း
ပြည်ထောင်စုကာကွယ်ရေးဝန်ကြီး
ကာကွယ်ရေးဝန်ကြီးရုံး၊ နေပြည်တော်။

၅။ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို (ပြည်ထောင်စုဝန်ကြီး)
ပြည်ထဲရေးဝန်ကြီးရုံး၊ နေပြည်တော်။

၆။ ဦးခင်ရီ (ပြည်ထောင်စုဝန်ကြီး)
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးရုံး၊ နေပြည်တော်။

၇။ ဦးသိန်းညွန့် (ဥက္ကဋ္ဌ)
နေပြည်တော်ကောင်စီ၊ နေပြည်တော်ကောင်စီရုံး၊ နေပြည်တော်။

၈။ ဦးမြင့်ဆွေ (ဝန်ကြီးချုပ်)
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံး၊ ဒဂုံမြို့နယ်။

၉။ ဦးရဲမြင့် (ဝန်ကြီးချုပ်)
မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၊ မန္တလေးမြို့။

၁၀။ ဦးလှမောင်တင် (ဝန်ကြီးချုပ်)
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရုံး၊ စစ်တွေမြို့။

၁၁။ ဦးစဝ်အောင်မြတ် (ဝန်ကြီးချုပ်)
ရှမ်းပြည်နယ် ဝန်ကြီးချုပ်ရုံး၊ တောင်ကြီးမြို့။

၁၂။ ဦးဇော်မင်း (ဝန်ကြီးချုပ်)
ကရင်ပြည်နယ် ဝန်ကြီးချုပ်ရုံး၊ ဘားအံမြို့။

၁၃။ ဦးအုန်းမြင့် (ဝန်ကြီးချုပ်)
မွန်ပြည်နယ် ဝန်ကြီးချုပ်ရုံး၊ မော်လမြိုင်မြို့။

၁၄။ ဦးခင်မောင်ဦး (ဝန်ကြီးချုပ်)
ကယားပြည်နယ် ဝန်ကြီးချုပ်ရုံး၊ လွိုင်ကော်မြို့။

၁၅။ ဦးသိန်းအောင် (ဝန်ကြီးချုပ်)
ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၊ ပုသိမ်မြို့။

၁၆။ ဦးဉာဏ်ဝင်း (ဝန်ကြီးချုပ်)
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၊ ပဲခူးမြို့။

၁၇။ ဦးသာအေး (ဝန်ကြီးချုပ်)
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၊ စစ်ကိုင်းမြို့။

၁၈။ ဦးဘုန်းမော်ရွှေ (ဝန်ကြီးချုပ်)
မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၊ မကွေးမြို့။

၁၉။ ဦးခင်ဇော် (ဝန်ကြီးချုပ်)
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး၊ ထားဝယ်မြို့၊

၂၀။ ဦးလဂျွန်ငန်ဆိုင်း (ဝန်ကြီးချုပ်)
ကချင်ပြည်နယ် ဝန်ကြီးချုပ်ရုံး၊ မြစ်ကြီးနားမြို့။

၂၁။ ဦးဟုန်ငိုင်း (ဝန်ကြီးချုပ်)
ချင်းပြည်နယ် ဝန်ကြီးချုပ်ရုံး၊ ဟားခါးမြို့။

ထံသို့ သိသာရန်နှင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးရန် ပေးပို့ပါသည်။

# BC၏ မြန်မာ့မြေပုံနှင့်ပတ်သက်သည့် ဖော်ပြချက်များယွင်းခဲ့၍ တောင်းပန်ရန် ပြည်သူအချို့ အင်တာနက်မှတောင်းဆို

BBC သတင်းဌာန၏ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ၅ရက်နေ့က သတင်းထောက်အင်နာဂျုံးစ် (Anna Jones)ရေးသားသောသတင်းတွင် မြန်မာ့မြေပုံကိုပါ ပူးတွဲဖော်ပြခဲ့သည်။ ထိုမြေပုံတွင်ဖော်ပြပါရှိသော လူမျိုးစုများနေထိုင်ရာအရပ်နှင့်ပတ်သက်၍ တင်ပြချက်သည် မှန်ကန်မှုမရှိဘဲမှားယွင်းစွာထုတ်လွှင့်ထားသည်။ ထင်ရှားသည့်အချက်မှာ ရခိုင်ပြည်နယ်နေရာတွင် ရခိုင်လူမျိုးသာအဓိကနေထိုင်သည် မဟုတ်ဘဲ ရိုဟင်ဂျာများကိုသာ လူမျိုးတစ်မျိုးဖြစ်ထည့်သွင်း၍ နေထိုင်သူများအဖြစ်မှားယွင်းစွာတင်ပြထားသည်။

ထို့အပြင် ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ကယားပြည်နယ်တွင်လည်းကောင်း မှားယွင်းစွာဖော်ပြထားသည်များပါရှိနေခဲ့သည်။ သို့ဖြစ်၍ အင်နာဂျုံးစ်၏ သတင်းတွင်ပါရှိသော မမှန်ကန်သည့်အချက်အလက်များပြုပြင်ပေးရန်နှင့် ထိုမှားယွင်းမှုအတွက် ဘီဘီစီသတင်းဌာနမှ တောင်းပန်ချက်ဖော်ပြပေးရန် မြန်မာနိုင်ငံပြည်သူအချို့က အင်တာနက်မှပေးစာများပေးပို့၍တောင်းဆိုခဲ့ကြသည်။

ဘီဘီစီ၏ သတင်းဖော်ပြချက်ပါ ရိုဟင်ဂျာလူမျိုးစုကို မြန်မာနိုင်ငံ၏ တိုင်းရင်းသားစာရင်းတွင် ပါဝင်ခြင်းမရှိသည့်ကိစ္စကို အရိုလုပ်၍ ဖော်ပြခြင်းသည် ကောင်းမွန်သောဖော်ပြချက်မျိုးမဟုတ်ပေ။ ပြဿနာများ ရှုပ်ထွေးလာနိုင်သည့် ထင်ယောင်ထင်မှားဖြစ်စဉ်များ၏ သတင်းမျိုးဖြစ်နေသည်။ ဂိုကြောင့် အင်တာနက်အသုံးပြုနိုင်သူမြန်မာတိုင်းရင်းသားများက ဘီဘီစီသတင်းဌာနသို့ ကန့်ကွက်ကြောင်း၊ မကျေနပ်ကြောင်း၊ အမှန်နှင့်ပြုပြင်ဖော်ပြပေးသင့်ကြောင်း၊တောင်းပန်သင့်ကြောင်း ရှုထောင့်အမျိုးမျိုးမှတင်ပြကာ တောင်းဆိုကြခြင်းဖြစ်သည်။

ထိုသို့တင်ပြရာတွင် ညာဏ်မြင့်အောင်ဆိုသူလည်းပါဝင်သည်။ ၎င်းကမကျေနပ်ကြောင်းဖော်ပြသည်။ သတင်းရေးသားသူသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ရေးသားသည်ကို မိမိမသိကြောင်း၊ သို့ရာတွင် အင်နာဂျုံးစ်၏ ရေးသားချက်သည်လုံးဝမှားယွင်းနေကြောင်း၊ ထို့ကြောင့် ၎င်း၏ရေးသားချက်ကို မိမိဆန့်ကျင်ကန့်ကွက်ကြောင်း၊ ဦးညာဏ်မြင့်အောင်ကဆိုထားသည်။ ဦးအေးမောင်ဆိုသူ ရခိုင်အမျိုးသားကျောင်းသားတစ်ဦးကလည်း ဦးညာဏ်မြင့်အောင်ကဲ့သို့ပင် ကန့်ကွက်တင်ပြထားသည်။ ဦးနိုင်ဇော်ဆိုသူကလည်း ၎င်း၏အမြင်ကို ဥပမာနှင့်တကွ တင်ပြ၍ကန့်ကွက်ထားသည်။

ထိုင်းနိုင်ငံ၌ မြန်မာတိုင်းရင်းသား(၄)သန်းမှ(၆)သန်းအထိ ရှိနေကြောင်း၊ ၎င်းတို့သည်လူ့အခွင့်အရေးများမရဘဲ အမျိုးမျိုးအနှိမ်ခံနေရကြောင်း၊ ထိုလူဦးရေသည် ထိုင်းလူဦးရေ၏ ဆယ်ရာခိုင်နှုန်းမျှပင်ရှိကြောင်း ဦးနိုင်ဇော်ကဆိုသည်။ အကယ်၍ ဘီဘီစီအနေဖြင့် လူ့အခွင့်အရေးနှင့် နစ်နာချက်များကို မှန်မှန်ကန်ကန်တင်ပြလိုလျှင် ထိုင်းနိုင်ငံ၌ရှိနေသော မြန်မာများ၏အရေးကိုပါ အသိအမှတ်ပြုရေး

